# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# အဋ္ဌမနေ့ အစီအစဉ်

# (၄-၈-၂၀၂၀) (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ **လက်ပံတန်းမြို့နယ်၊ မကျီးကွင်း ကျေးရွာအုပ်စုပိုင် စားကျက်မြေ (၁၆၃.၆၂) ဧက စားကျက်မြေ အားလုံးကို တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်းမရှိဘဲ ပယ်ဖျက်ခဲ့သည့် အတွက် မည်သို့ပြန်လည် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးအောင်နိုင်၊ သပိတ်ကျင်း မဲဆန္ဒနယ်၏ **သပိတ်ကျင်း မြို့နယ်အတွင်း အုန်းဖုန်းကျေးရွာအုပ်စုနှင့် ချောင်းကြီးကျေးရွာအုပ်စု (၂)ခု၏ အုပ်စုခြားနယ်နိမိတ်သတ်မှတ်ပေးရန်နှင့် သပိတ်ကျင်းမြို့နယ်**

**နှင့် စဉ့်ကူးမြို့နယ် (၂) ခုကြား တိကျသော မြို့နယ်ခြားနယ်နိမိတ် သတ်မှတ် ပေးရန် ကိစ္စအား သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်လတ်၊ မြန်အောင် မဲဆန္ဒနယ်၏ **မြန်အောင်မြို့နယ်၊ တောင်ရိုးဒေသ ထိန်သေးကုန်း မြေပြာအင်ပင် လမ်းပေါ်ရှိ ရေသိုးချောင်း တံတားအား အမာခံတံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသန်းအောင်၊ ငပုတော မဲဆန္ဒနယ်၏ **ငပုတောမြို့နယ်၊ ချောင်းဝ ကျေးရွာနှင့် အောက်သောင်ကျေးရွာသို့ ဆက်သွယ်သော ပျက်စီးနေသည့် တံတားအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အမီ ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ **ကလေးမြို့နယ် အတွင်း မြစ်သာမြစ်အရှေ့ဘက်ခြမ်းရှိ ကျေးရွာချင်းဆက်လမ်းပိုင်း များအား တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ရေးအတွက် မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ထီးချိုင့်မြို့နယ်ရှိ ခုတင် ၅၀ ဆံ့ ဆေးရုံသစ်အား မည်သည့်အချိန်တွင် ဖွင့်လှစ်မည်နှင့် လက်ရှိအသုံးပြု နေသော ဆေးရုံဟောင်းအား မည်သို့ဆက်လက် အသုံးပြုမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဉာဏ်လင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **ရွှေပြည်သာမြို့နယ်တွင်**

**ဘောလုံးကွင်းနှင့် ယှဉ်တွဲ၍ လေ့ကျင့်ရေးပစ္စည်းများနှင့်အတူ ပြေးခုန်ပစ် အားကစားကွင်း တစ်ကွင်းကို ၂၀၂၀-၂၀၂၁ ခု ဘတ်ဂျက်နှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်၏ **ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေသန့်များ ထုတ်လုပ်ဖြန့်ဖြူး သယ်ယူရောင်းချခြင်း စနစ်ဖြစ်စေရန် မည်သို့ပညာပေး ကြီးကြပ်ဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးဇော်မင်းသိန်း၊ လေးမျက်နှာ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ၏ ကဏ္ဍ ပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ (၅) နှစ် စီမံကိန်း (Multi Sectoral National Plan of Action on Nutrition MS- NPAN) ဆောင်ရွက်နေမှုများကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးပိုက်ကို၊ ပခုက္ကူ မဲဆန္ဒနယ်၏ **ပခုက္ကူမြို့နယ်၊ မန်ကျည်းပင်ပု ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် **"ရေနံ စူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ဒေါက်တာဦးအေးမင်း၊ ခရမ်း မဲဆန္ဒနယ်က တင်သွင်းသည့် **"ပုဂ္ဂလိက ပြင်ပ**

**ဆေးကုခန်းဆရာဝန် (G.P-General practitioner-အထွေထွေရောဂါကု ဆရာဝန်)များ၊ အခြားကျန်းမာရေးဆိုင်ရာပညာရှင်များနှင့် ဒေသတွင်း စိတ်ပါဝင်စားသူများပါဝင်သည့် စား/သုံး/နေထိုင်မှုဆိုင်ရာ ကျန်းမာရေး အသိပညာပေးအဖွဲ့ကဲ့သို့သော အဖွဲ့များဖွဲ့စည်း၍ ပြည်သူလူထုအတွင်း ကျန်းမာရေးဆိုင်ရာ အသိပညာများ ထိထိရောက်ရောက်၊ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၊

(ခ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၊

(ဂ) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၊

(ဃ) ဒုတိယဗိုလ်မှူးကြီးစိုင်းအိုက်လှ၊ တပ်မတော်သားကိုယ်စားလှယ်၊

(င) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

၈။ အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။